၃၀၀ ကျပ်တန် ရုံးခွန်တံဆိပ်ခေါင်း

**ပုံစံ (၃)**

**ဓာတ်သတ္တု ရှာဖွေရန်ခွင့်ပြုမိန့်လျှောက်လွှာ**

ရက်စွဲ၊ ၂၀.....ခုနှစ်၊ ...........လ......ရက်

သို့

ဥက္ကဋ္ဌ
တိုင်းဒေသကြီး/ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့
.....................တိုင်းဒေသကြီး/ ပြည်နယ်

အကြောင်းအရာ။ **ဓာတ်သတ္တု ရှာဖွေရန် ခွင့်ပြုမိန့်လျှောက်ထားခြင်း**

လျှောက်ထားသည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် မြန်မာ့သတ္တုတွင်း ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ)နှင့် ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)တို့ပါ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသည့်ဓာတ်သတ္တု အမျိုးအစားများမှအပ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် အသေးစားထုတ်လုပ်ရန် ရည်ရွယ်ချက်ဖြင့် ဓာတ်သတ္တုရှာဖွေခြင်းလုပ်ငန်းကို လုပ်ကိုင်လိုပါသဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန် နည်းဥပဒေ ၆ အရ အောက်ပါအချက်များဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

၁။ ဓာတ်သတ္တုအမျိုးအစား ..............................................................................

၂။ ခွင့်ပြုမိန့်လျှောက်ထားသည့် နိုင်ငံသားနှင့်စပ်လျဉ်း၍-

(က) အမည်..................................................................................

(ခ) အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် .....................
..........................................................................................

(ဂ) အလုပ်အကိုင် ..........................................................................

(ဃ) သုံးစွဲမည့်မတည်ငွေရင်း ပမာဏ ......................................................

(င) အမြဲတမ်း နေရပ်လိပ်စာ၊..............................................................
..........................................................................................
..........................................................................................

(စ) ဆက်သွယ်ရန်လိပ်စာ၊ ဖုန်း/ ဖက်စ် အမှတ်၊ အီးမေးလ် လိပ်စာ ..........................
..........................................................................................
..........................................................................................
..........................................................................................

၃။ ခွင့်ပြုမိန့်လျှောက်ထားသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းနှင့် စပ်လျဉ်း၍-

(က) ကုမ္ပဏီ၊ အဖွဲ့အစည်းအမည် (နိုင်ငံပိုင် အဖွဲ့အစည်းဖြစ်ပါက အစိုးရဌာန/ အဖွဲ့အစည်း၏အမည်ကိုဖော်ပြရန်)......................................................

(ခ) ကုမ္ပဏီ၊ အဖွဲ့အစည်းမှတ်ပုံတင်အမှတ်နှင့် ရက်စွဲ ........................................

(ဂ) ကုမ္ပဏီ၊ အဖွဲ့အစည်း၏ တည်ရာလိပ်စာ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်း/ဖက်စ်အမှတ်၊ အီးမေးလ် လိပ်စာ..........................................................................

(ဃ) ကုမ္ပဏီ၊ အဖွဲ့အစည်း၏ခွင့်ပြုမတည်ငွေရင်းနှင့် ထည့်ဝင်ပြီး မတည်ငွေရင်းပမာဏ.........
..........................................................................................

(င) အရင်းအနှီးကို အစုရှယ်ယာဖြင့် ထည့်ဝင်ထားပါက အစုရှယ်ယာ ၅၀%နှင့် အထက်ပိုမို ပိုင်ဆိုင်သော သို့မဟုတ် အကျိုးအမြတ်နှင့်သက်ဆိုင်သော အစုရှယ်ယာရှင့်နှင့် ဒါရိုက်တာ အဖွဲ့ဝင်၏ အမည်နှင့်ထည့်ဝင်ပိုင်ဆိုင်မှုပမာဏ၊ ရာခိုင်နှုန်း……………………

(စ) ကုမ္ပဏီ၊ အဖွဲ့အစည်းကို စီမံခန့်ခွဲမည့်သူများ/ ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်၊ နိုင်ငံသားနှင့် ရာထူးတာဝန် ………………………………………………………………….

……………………………………………………………………………..

၄။ ဓာတ်သတ္တုရှာဖွေရန်ခွင့်ပြုမိန့်ရလိုသည့် လုပ်ကွက်ဧရိယာနှင့်စပ်လျဉ်း၍-

(က) လုပ်ကွက်ဧရိယာ၏ တည်နေရာ (ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်)…

………………………………………………………………………………...

(ခ) လုပ်ကွက်ဧရိယာ အကျယ်အဝန်း ……………………………………………………

……………………………………………………………………………...

(ဂ) နယ်နမိတ်သတ်မှတ်ချက်( ၁လက်မ၊ ၁မိုင်စကေးမြေပုံညွှန်းနှင့် UTM မြေပုံညွှန်း)…

……………………………………………………………………………...

(ဃ) ကာလအပိုင်းအခြား (တစ်နှစ်ထက်မပိုသော ကာလကိုဖော်ပြရန်)……………………….

၅။ အဆိုပြုသည့် ဓာတ်သတ္တုရှာဖွေရန်အစီအစဉ်နှင့် ယင်းအစီအစဉ်အတွက် ခန့်မှန်းကုန်ကျစရိတ်စာရင်း (ပူးတွဲဖြင့်တင်ပြရန်)……………………(လုပ်ငန်းအစီအစဉ်ကိုဖော်ပြရာ၌ တာဝန်ယူဆောင်ရွက်မည့် နိုင်ငံသားများ၏ အမည်၊ ဝန်ထမ်းအင်အား၊ အသုံးပြုမည့်နည်းစနစ်နှင့် စက်ပစ္စည်းကိရိယာများကို ဖော်ပြခြင်း၊ မြေပေါ်ဘူမိဗေဒမြေပုံရေးဆွဲခြင်း၊ မြေအောက်ဘူမိဗေဒရှာဖွေခြင်း၊ ဘူမိဓာတုဗေဒရှာဖွေခြင်းနှင့် ဘူမိရူပဗေဒရှာဖွေခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ်စာရင်းတို့ကို တစ်စတုရန်းကီလိုမီတာလျှင် အနည်းဆုံး သုံးစွဲမည့် ငွေကြေး ပမာဏတို့အား ဖော်ပြရန်)

၆။ ဓာတ်သတ္တုရှာဖွေလိုသောဧရိယာတွင် တည်ရှိနေသည့် ဓာတ်သတ္တုဖြစ်ထွန်းမှုအထောက်အထားများ..

……………………………………………………………………………………

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က လျှောက်ထားသူအတွက် စဉ်းစားပေးစေလိုသော အခြားအကြောင်းကိစ္စများ (ရှိခဲ့လျှင်ဖော်ပြရန်)……………………..

…………………………………………………………………………………..

၈။ အောက်ပါ အချက်အလက် အထောက်အထားများကို ပူးတွဲ၍ တင်ပြအပ်ပါသည်-

(က) အရည်အချင်းပြည့်မီသည့်ဘူမိဗေဒပညာရှင် သို့မဟုတ် သတ္တုတွင်းအင်ဂျင်နီယာတို့က လက်မှတ်ရေးထိုး တင်ပြထားသော အသေးစိတ် ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်းအစီအစဉ် ၊ ဓာတ်သတ္တုရှာဖွေရေးနည်းစဉ်များဆိုင်ရာ အချက်အလက်များပါဝင်သော စီမံချက်၊

(ခ) လျှောက်ထားသည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် လုပ်ငန်းဆောင်ရွက်ရန် ငွေရေးကြေးရေး ခိုင်မာမှုရှိကြောင်း သက်ဆိုင်ရာဘဏ်၏ ထောက်ခံချက်၊ (Bank Recommendation/ Bank Statement)

(ဂ) လျှောက်ထားသူ၏ ကျွမ်းကျင်မှုအတွေ့အကြုံ သို့မဟုတ် ကျွမ်းကျင်မှုအတွက် စီစဉ်ထားမှု၊

(ဃ) ဓာတ်သတ္တုရှာဖွေရေးဧရိယာအတွင်း ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင်နှင့် သမိုင်းဝင်အထိမ်းအမှတ်များ သို့မဟုတ် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးစေနိုင်မှုများရှိပါက၊ ယင်းတို့နှင့်စပ်လျဉ်း၍ ထိခိုက်မှုမရှိအောင် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ၊

(င) ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်းအတွက် လိုအပ်မည့် အထောက်အကူပြုမှုဆိုင်ရာအချက်အလက်များနှင့် ယင်းလိုအပ်ချက်များကို မည်သို့ စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြချက်၊

(စ) အဆိုပြုလုပ်ကွက်ဧရိယာကို ၁လက်မ၊ ၁မိုင်စကေးမြေပုံညွှန်းနှင့် UTM မြေပုံညွှန်း ရောင်စုံဓာတ်ပုံ၊

(ဆ) လျှောက်ထားသူသည် မြန်မာနိုင်ငံအတွင်းလွန်ခဲ့သော ၄ နှစ် အတွင်းက ကိုင်ဆောင်ထားသော ဓာတ်သတ္တုလုပ်ပိုင်ခွင့်တစ်ခုခု၏ အသေးစိတ်အချက်အလက်များ သို့မဟုတ် အခြားနိုင်ငံတစ်ခုတွင် လျှောက်ထားသူ သို့မဟုတ် အခြားတစ်ဦးဦးက လျှောက်ထားသူနှင့် ပူးပေါင်း၍ လုပ်ကိုင်နေသည့် အလားတူ ဓာတ်သတ္တုလုပ်ပိုင်ခွင့်၏ အသေးစိတ် အချက်အလက်များရှိက တင်ပြရန်၊

(ဇ) လျှောက်ထားသူသည် မြန်မာနိုင်ငံသားများအား အလုပ်ခန့်ထားခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် အလုပ်အကိုင် တိုးမြှင့်ပေးခြင်းတို့နှင့် သက်ဆိုင်သော အချက်အလက်များ၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့မှတင်ပြရန် သီးခြားတောင်းဆိုသည့် အချက်အလက်များ၊

(ည) လျှောက်ထားသူမှာ ကုမ္ပဏီ၊ အဖွဲ့အစည်းဖြစ်လျှင် ယင်း၏သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း ဓာတ်ပုံမိတ္တူ၊ မှတ်ပုံတင်လက်မှတ် ဓာတ်ပုံမိတ္တူ၊

(ဋ) ကုမ္ပဏီ အစုရှယ်ယာ ခွဲဝေချထားမှုစာရင်း၊ ကုမ္ပဏီ၏ ဒါရိုက်တာ၊ မန်နေဂျာနှင့် အုပ်ချုပ်မှုကိုယ်စားလှယ်များစာရင်းနှင့် ကုမ္ပဏီ၏ ဒါရိုက်တာ၊ အဖွဲ့ဝင်များ၏ ရောင်စုံလိုင်စင်ဓာတ်ပုံနှင့် ကိုယ်ရေးမှတ်တမ်း၊

၆။ **လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်-**

အထက်ဖော်ပြပါအချက်အလက်များနှင့် ပူးတွဲပါ အချက်အလက်များအားလုံး မှန်ကန်ကြောင်းနှင့် မြန်မာ့သတ္တုတွင်းဥပဒေနှင့် နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

ကုမ္ပဏီတံဆိပ်ဝိုင်း

လက်မှတ်............................

အမည်...............................

ရာထူးတာဝန်.......................

(ကုမ္ပဏီ၊ အဖွဲ့အစည်းဖြစ်ပါက အဖွဲ့အစည်းကိုယ်စား လက်မှတ်ရေးထိုးခွင့်ရှိသူဖြစ်ရပါမည်။)

မှတ်ချက်။ လျှောက်ထားသူမှ မလိုအသည့် စာသားများကို ဖျက်ရန်ဖြစ်သည်။